
နတ်ဘုရားပုခက်
(The cradle series)
ဘာသာပြန် – ဇနး(ရိုးရာ)
စာစဉ်-၂

# အပိုင်း(၁၅)

*

"အသုံးမကျလိုက်တာ..."

ဝေ့ရှိလင်းတုန်း ခေါင်းခါလိုက်၏။ အမြှောက်ကြွယ် နှလုံးသားမှာ အဘယ်ကြောင့် အသုံးမကျသည့် ကျင့်စဉ် တစ်ခု ဖြစ်ပြီး၊ မည်သူမျှ မကျင့်ကြံကြ သနည်း ဆိုသည့် အချက်မှာ ရှင်းလင်းပေသည်။ အကယ်၍ သူ့ အနေဖြင့် သူ့ အမြုတေကို နှစ်ခုခွဲ ချင်ခဲ့လျှင်တောင် ဝေ့မုံအယ်ရီဆီမှာ 'ဗလာ လက်ဝါး' လို ကျင့်စဉ်မျိုး မရှိသည်မှာ သေချာလှ သည်။ သူ့အနေဖြင့် ယခင်ကလို အကာအကွယ် မဲ့ နေဦးမှာပင်။

စာအုပ်ထဲတွင် လှည့်ပတ် ကျင့်ကြံခြင်း

နည်းစနစ်တစ်ခု ပါဝင်နေပြီး၊ ထိုအရာက သူ၏ သနားစရာကောင်းသည့် အခြေခံကျင့်စဉ်ထက် အနည်းဆုံးတော့ ပိုကောင်းအောင် လုပ်ပေးနိုင်သော်လည်း တိုက်ပွဲမတိုင်ခင် မည်သည့် အကျိုးကျေးဇူးကိုမှ သူ ခံစားရမှာ မဟုတ်ပါချေ။ ထို့အပြင်... ထိုကျင့်ကြံခြင်း နည်းလမ်းမှာ သူ ဘယ်တော့မှ လုပ်ဖို့ ရည်ရွယ် မထားသည့် 'အမြုတေခွဲထုတ်ခြင်း' အတွက် ပြင်ဆင်ပေးဖို့ ရည်ရွယ်ဖန်တီးထားခြင်း ဖြစ်သည်။ 'အမြွာကြယ် နှလုံးသား' သည် သူ၏ ကျိုးနေသည့် လက်မောင်းကိုတောင် ပြန်ကောင်းလာအောင် လုပ်ပေးနိုင်မှာ မဟုတ်ပါချေ။ မိခင်ဖြစ်သူ၏ အစီအရင်များ ရှိနေသော်လည်း တိုက်ခိုက်ရမည့် အချိန်မတိုင်ခင် ထိုလက်မောင်းမှာ အရှင်း ပျောက်ကင်းနိုင်မှာ မဟုတ်ပါချေ။

လင်းတုန်း၏ စိတ်အားထက်သန်မှုများမှာ

မေးမိုန်သွားခဲ့သော်လည်း လုံးဝ ပျောက်ကွယ်သွားခဲ့ခြင်းတော့ မရှိပါချေ။ ထိုနည်းလမ်းက သူ စမ်းသပ်ကြည့်နိုင်သည့် အခြား အကြံဉာဏ် အနည်းငယ်ကို ပေးစွမ်းခဲ့သည်။ မနက်ဖြန် အသစ်ထပ်မံ ရှာဖွေမှုက ပိုမို မျှော်လင့်ချက် ရှိသည့် ရလဒ်များကို ဖော်ထုတ်ကောင်း ဖော်ထုတ်ပေးပေလိမ့်မည်။

မှတ်တမ်းတိုက်ကို သော့ခတ်ပြီးနောက် သူ အိမ်ပြန်လာခဲ့ပြီး ကျင့်စဉ်အသစ်အတိုင်း မာဒြာကို လှည့်ပတ်ကျင့်ကြံလိုက်သည်။ စိတ်ပူပန်မှုများက သူ့ကို မိုးလင်းတဲ့အထိ ဆက်တိုက် ကျင့်ကြံနေစေခဲ့သည်။ ပြင်းထန်သည့် တံခါးခေါက်သံများသာ ပေါ်ထွက်မလာခဲ့လျှင် သူ ဆက်လက် ကျင့်ကြံနေဦးမည် ဖြစ်သည်။

"အဆင်သင့် လုပ်ထား"

ကြေးအဆင့် အုပ်ချုပ်သူ တစ်ယောက်၏

လိမ္မော်ရောင် ပိုးသား လေ့ကျင့်ရေး ဝတ်စုံကို ဝတ်ဆင်ထားသည့် ကယ်လ်ဆာ က သူ့ကို ပြော လိုက်သည်။ ရာဇလုံတံ အမှတ်အသား ပါရှိသည့် သူမရဲ့ ကြေး တံဆိပ်ပြားလေးက ရင်ဘတ် အလယ်မှာ ဂုဏ်ယူဝင့်ကြွားစွာ တွဲလောင်းကျ နေ၏။

"ဒီနေ့ နင် ငါနဲ့အတူ လေ့ကျင့်ရမယ်..."

လင်းတုန်းသည် အပြာရောင် တောင်တန်း နှင်းဆီများနှင့် တိမ်ခေါင်းလောင်းပန်း အခိုင် လေးတွေ ဝန်းရံထားသည့် ရှီ မိသားစု ပန်းခြံထဲ ကို သူ့ ကျောပိုးအိတ်ကို ယူဆောင်လာခဲ့ပြီး၊ အစ်မဖြစ်သူနှင့် မျက်နှာချင်းဆိုင်တွင် ဒူး ထောက်ထိုင်လိုက်သည်။ သူတို့သည် မြက်ခင်းပြင်ပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်နေ ကြခြင်း ဖြစ်သည်။

ပုံမှန်အားဖြင့်ဆိုရင် သူတို့သည် ဝေ့ကလန်ဝင်

များနှင့် အတူ ပင်မ ရင်ပြင်တွင် နေ့စဉ် လှည့်ပတ် ကျင့်ကြံမှု ပြုလုပ်ဖို့ ပူးပေါင်းကြ သော်လည်း ကယ်လ်ဆာ့ စိတ်ထဲတွင် တခြား အရာတစ်ခု ရှိနေပုံရသည်။ သူမသည် ဆံပင်များ ကို နောက်ဖက်တွင် စည်းနှောင်ထားပြီး တင်းမာ သည့် မျက်နှာထားဖြင့် မောင်ဖြစ်သူကို အကဲခတ် နေခဲ့၏။

"နင် ပင်ပန်းနေပုံရတယ်"

နောက်ဆုံး၌ သူမက စကားပြောလိုက်သည်။

"နင် အိပ်ရေးမဝဘူး၊ အဲဒါက နင့်လက်မောင်း ပြန်ကောင်းဖို့ကို နှေးကွေးစေလိမ့်မယ်... နင် ဘာတွေ လုပ်နေခဲ့တာလဲ..."

နှစ်တွေကြာလာသည်နှင့် အမျှ အစ်မဖြစ်သူနှင့် ဆက်ဆံရာတွင် အမြန်ဆုံး နည်းလမ်းက ချက်ချင်းနှင့် ရိုးသားစွာ တုန့်ပြန်ခြင်းသာ ဖြစ်ကြောင်း လင်းတုန်း သိရှိထားသည်။

"ကျင့်ကြံနေတာပါ... ကျန်နေသေးတဲ့ အသီးရဲ့ အာနိသင်တွေကို စုပ်ယူဖို့ ကြိုးစားနေခဲ့တာ..."

"ပြီးတော့ရော စုပ်ယူနိုင်ခဲ့လား..."

"အပြည့်အဝတော့ မဟုတ်ဘူး..."

ပြင်ပမာဒြာများက လျှပ်စီးကြောင်းများလို သူ့အမြုတေ ထဲတွင် တဖျတ်ဖျတ် လက်နေဆဲဖြစ်သော်လည်း မနေ့ကလောက်တော့ မများတော့ချေ။ မည်မျှအထိ လျော့နည်းသွားသနည်း။ သို့မဟုတ်... ၎င်းတို့ကို စုပ်ယူ ချေဖျက်လိုက်ခြင်းက တစ်စုံတစ်ရာ ထူးခြားမှု ရှိသလား ဆိုတာကိုတော့ သူ မပြောနိုင်ပါချေ။ ၎င်းမှာ ဒဏ္ဍာရီလာ သဘာဝ ရတနာတစ်ခုဆီကနေ သူ အမြဲတမ်းစိတ်ကူးယဉ် မျှော်လင့်ထားခဲ့သည့် အာနိသင်မျိုးတော့ မဟုတ်ခဲ့ပါချေ။

ကယ်လ်ဆာက မေးစေ့ကို ပွတ်ရင်း တစ်ခဏမျှ စဉ်းစားခန်းဝင်သွား၏။

"အဲဒီကိစ္စကို နောက်မှ ဆက်ပြောကြတာပေါ့... လောလောဆယ်တော့၊ ဒီတိုက်ပွဲကို နင် ကျော် ဖြတ်နိုင်ဖို့ ငါတို့ရဲ့ ဗျူဟာကို ဆွေးနွေးသင့် တယ်..."

ငါးရက်သာ ကျန်တော့သည်။

"ငါတို့ လုပ်နိုင်ပါ့မလား"

လင်းတုန်း သံသယ ဝင်စွာ မေးလိုက်၏။ ကယ် လ်ဆာ၏ စူးရှသည့် အကြည့်က သူ့ရင်ဘတ်ကို ထိုးနှက်လိုက်သလို ခိုင်မာ ပြတ်သားလှသည်။

"ဒါက ငါတို့ မိသားစုရဲ့ ဂုဏ်သိက္ခာပဲ... တကယ်လို့ နင့်ကို ကောင်းကောင်း တိုက်ခိုက် နိုင်အောင် ငါ မလုပ်ပေးနိုင်ဘူးဆိုရင်၊ ငါ့ရဲ့ တံဆိပ်ပြားနဲ့ ငါ မထိုက်တန်ဘူး..."

လင်းတုန်က ခါးကို မတ်လိုက်ပြီး သူ့ ပခုံးတွေ ပေါ် ကျရောက်လာသည့် ဖိအားများ အတွက် ပြင်ဆင်လိုက်သည်။

"ဒါဆို ငါတို့ ဘယ်က စကြမလဲ..."

"ရှင်းရှင်းပြောရရင်၊ အဲဒီ ကောင်မလေးနဲ့ တိုက်ခိုက်ရတာ ဘယ်လိုမှ ကောင်းတဲ့ ရလဒ် ထွက်လာမှာ မဟုတ်ဘူး... နိုင်ရင်လည်း အရှက်ကွဲမှာပဲ၊ ရှုံးရင်လည်း အရှက်ကွဲမှာပဲ..."

ထိုအချက်ကို ထပ်မံ သတိပေးနေဖို့ မလိုအပ်သော်လည်း ကယ်လ်ဆာ ပြောမည့် စကားလုံးများကို စောင့်ဆိုင်းရင်း သူ တိတ်ဆိတ်စွာပင် ရပ်နေလိုက်သည်။

"နင့်အတွက် ဂုဏ်သိက္ခာရှိတဲ့ တစ်ခုတည်းသော ရွေးချယ်စရာက မုံ မိသားစုထဲက နင့်ထက် အဆင့်အတန်းမြင့်တဲ့ ဝေ့မုံတယ်ရစ် လို လူမျိုး တစ်ယောက်ယောက်ကို စိန်ခေါ်ဖို့ပဲ... ဒါပေမဲ့ အဲဒီလိုလုပ်ရင် နင် အသတ်ခံရနိုင်တယ် ဆိုတဲ့ အားနည်းချက်တော့ ရှိတယ်..."

ငင်းမှာ အနည်းငယ် ပုံကြီးချဲ့ပြောဆိုမှုသာ

ဖြစ်သည်။ မုံ မိသားစုအနေဖြင့် ကလန်တစ်ခုလုံး၏ ရှေ့မှောက်တွင် ဆွေမျိုးတစ်ဦးကို သတ်ပစ်လောက်စရာ အကြောင်းမရှိပေ။ သို့သော် သူတို့ သတ်ပစ်နိုင်စွမ်း ရှိသည်။ ထို့ပြင် ဂုဏ်သိက္ခာတရားအရ သူတို့သည် လင်းတုန်းကို ပြင်းထန်စွာ ဒဏ်ရာရစေရမည်ဖြစ်ရာ၊ ၎င်းမှာလည်း သူရှောင်လွှဲချင်သော နောက်ဆက်တွဲ ဆိုးကျိုးတစ်ခုပင် ဖြစ်လေသည်။

"ငါ အကြံပြုချင်တာကတော့ အဲဒီကောင်မလေးနဲ့ ခဏလောက် တိုက်ခိုက်ပြီးရင် အရှုံးပေးလိုက်ဖို့ပဲ... ဝိညာဉ်မဲ့ တစ်ယောက်အနေနဲ့ မုံ မိသားစုက လူတစ်ယောက်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ မထိုက်တန်ဘူးလို့ နင်ပြောလိုက်လို့ရတယ်၊ ဒါဆို သူတို့လည်း မျက်နှာရသွားမယ်လေ... သူတို့ လက်ခံသွားလိမ့်မယ်၊ နင် ခဏလောက်တော့ မျက်နှာပူရလိမ့်

မယ်၊ ဒါပေမဲ့ နောက်ဆုံးမှာတော့ နင့်ရဲ့ ဂုဏ်သတင်း ပိုကောင်းလာလိမ့်မယ်... နင်က ဒီတိုက်ပွဲကို ယဉ်ကျေးသိမ်မွေ့စွာ ကိုင်တွယ်ဖြေရှင်းခဲ့ပြီး၊ အရှုံးကိုလည်း ဂုဏ်သိက္ခာရှိရှိ လက်ခံခဲ့တယ်ဆိုပြီး ဖြစ်သွားမှာပေါ့..."

"ဒါက မုံ မိသားစုကို ကျွန်တော်က သူတို့လောက် တန်ဖိုးမရှိဘူးလို့ ဝန်ခံလိုက်ရတဲ့ တန်ဖိုးနဲ့လေ..."

သူမက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ဟုတ်တယ်..."

ကယ်လ်ဆာ သည် အမှန်တရားကို မည်သည့်အခါမျှ ရှောင်လွှဲလေ့ မရှိပေ။

လင်းတုန်းသည် မိမိကိုယ်ကို အလွန်အမင်းမာနကြီးသူတစ်ဦးဟု မထင်မှတ်ထားသော်လည်း၊ အခြားသော ဝေ့ မိသားစုများအားလုံး၏ ရှေ့မှောက်တွင် မိမိကိုယ်ကို နှိမ့်ချရ

မည်ဟူသော အတွေးကြောင့် ဒေါသထွက် ပူလောင်သွားမိသည်။ အကြောင်းရင်း တစ်ခုမှာ၊ အကယ်၍ သူသာ လူပုံအလယ်တွင် သူ၏ အားနည်းချက်ကို ပြသလိုက်မည်ဆိုပါက သူ၏ ရှိ မိသားစုကိုလည်း အားနည်းလွယ်ကူသူများ အဖြစ် ရှုမြင်သွားကြမည် ဖြစ်သည်။ သူတို့၏ ပြိုင်ဘက်များက ထိုအားနည်းချက် ဟာကွက်ကို အခွင့်ကောင်းယူရန် ကြိုးပမ်းကာ သူတို့ကို ဖိအားပေးလာကြပေလိမ့်မည်။

လင်းတုန်း၏ မျက်နှာအမူအရာကို စက္ကန့် အနည်းငယ်ခန့် စောင့်ကြည့်ပြီးနောက်၊ ကယ်လ်ဆာ က ဒူးပေါ်တွင် လက်နှစ်ဖက်ကို ယှက်တင်လိုက်သည်။

"ဒါပေမဲ့ မနေ့က တစ်နေ့လုံး နင် အချိန်ဖြုန်းမနေခဲ့ဘူးဆိုတာကိုတော့ ငါ သေချာပေါက် သိတယ်... နင့် အစီအစဉ်က ဘာလဲ..."

လင်းတုန်းက ရှက်ရွံ့စွာဖြင့် သူ၏ သိုင်းကြိုး ချည်ထားသော လက်မောင်းကြားတွင် သိမ်းဆည်းထားသည့် ကျင့်စဉ် ကျမ်းစာအုပ် လေးကို လှမ်းယူလိုက်သည်။

"မှတ်တမ်းတိုက်ထဲမှာ ဒီကျင့်စဉ်ကို ကျွန်တော် ရှာတွေ့ခဲ့တယ်... တိုက်ရိုက်ကြီး အသုံးမဝင်ပေမယ့်၊ ကျွန်တော့်ကို အကြံဉာဏ်တစ်ခု ရစေနိုင်တယ်..."

သူမက သူ၏ လက်ထဲမှ ကျမ်းစာအုပ်ကို လှယူလိုက်ပြီး ပထမဆုံး စာမျက်နှာကို အမြန်အကဲခတ်ကြည့်လိုက်သည်။

"နင့်ရဲ့ အမြုတေ ကို နင်က ခွဲထုတ်ချင်တာလား..."

ဤအကြံအစည်အပေါ် သူမ မည်သို့ ထင်မြင်သနည်းဆိုသည်ကို သူမ၏ လေသံက ရှင်းလင်းစွာ ဖော်ပြနေလေသည်။

"မဟုတ်ပါဘူး၊ သချာပေါက် မဟုတ်ပါဘူး..."

အမြွှာကြယ် နှလုံးသား ကျမ်းတွင် ဖော်ပြထားသော နည်းစနစ်အတိုင်း လှည့်ပတ်ကျင့်ကြံနေစဉ် တစ်ညလုံး သူ စဉ်းစားခန်း ဝင်နေခဲ့သည်။ ခွဲထုတ်ထားသော အမြုတေ တစ်ခုအတွက် သီးခြား ကျင့်စဉ်တစ်ခုကို ကာကွယ်ရုံသက်သက်သာမက အခြားသော အသုံးဝင်မှုများလည်း ရှိနိုင်မည်ဟု သူ သံသယရှိခဲ့သော်လည်း၊ ယင်းတို့ကို စမ်းသပ်ကြည့်ရန်မှာ အန္တရာယ်များလွန်းပြီး ခက်ခဲလွန်းလှသည်။

"အဲဒီအထဲမှာ ဒုတိယ ကျင့်စဉ် တစ်ခု ပါသေးတယ်..."

ကယ်လ်ဆာ က စာအုပ်ကို ပြန်ငုံ့ကြည့်လိုက်သည်။

"ဗလာ လက်ဝါး..."

"ကျွန်တော်သာ ကြေးအဆင့် ဖြစ်နေရင် ပို

လွယ်မယ်ဆိုတာ သိပါတယ်... ဒါပေမဲ့ သီအိုရီ အရဆိုရင်တော့ ကိုယ့်ရဲ့ မာဖြာကို သတ်မှတ်ထားတဲ့ နေရာတစ်ခုထဲကို ထိုးသွင်းလိုက်ရုံပဲလေ... အဲဒါက လုံလောက်နိုင်ပါတယ်..."

သူမသည် ပါးလွှာသော ကျမ်းစာအုပ်ထဲမှ စာမျက်နှာ တစ်ခုချင်းစီကို လှန်လှောကြည့်ရှုလိုက်ပြီး၊ နောက်ဘက်ပိုင်းကို အထူး အာရုံစိုက်လိုက်သည်။

"ဒီအထဲမှာ ဒါကို အောင်မြင်ဖို့ လိုအပ်တဲ့ အချိန်ကိုက်မှု၊ စွမ်းအင် စီးဆင်းမှု၊ အခြေခံ အုတ်မြစ် တွေကို ဘာတစ်ခုမှ ဖော်ပြမထားဘူး... ဒါကို ဘယ်လို ကာကွယ်ရမလဲ ဆိုတာကိုပဲ ဖော်ပြထားတာ..."

ကယ်လ်ဆာ က စာအုပ်ကို ပိတ်ချလိုက်သည်။

"ဒါပေမဲ့ နောက်ဆုံးအနေနဲ့ ပြောရရင်တော့၊ ငါတို့ကိုယ်ပိုင် 'ဗလာ လက်ဝါး' ပုံစံတစ်မျိုးကို

ဖန်တီးနိုင်လောက်တဲ့ အချက်အလက်တွေ ဒီထဲမှာ လုံလုံလောက်လောက် ပါတယ်လို့ ထင်တယ်... ဘာပဲဖြစ်ဖြစ် ဒါက အတော်လေး ရိုးရှင်းပါတယ်..."

လင်းတုန်းက စိတ်အားထက်သန်စွာဖြင့် ရှေ့သို့ ကိုင်းညွတ်လိုက်သည်။

"မမ ကျွန်တော့်ကို သင်ပေးနိုင်မလား..."

***